YOMA STRATEGIC HOLDINGS LTD · FMI · YOMA GROUP

*သတင်းထုတ်ပြန်ချက်*

# ပန်းလှိုင်ဆေးရုံမှ Healthcare Asia Awards မှ ချီးမြှင့်သည့် ဆု ၃ ဆုကို ဆွတ်ခူးရရှိ

ပန်းလှိုင်ဆေးရုံသည် ရိုးမလုပ်ငန်းစု လ က်အောက်ခံ First Myanmar Investments (FMI) မှ တည်ထောင်ခဲ့သော ပုဂ္ဂလိက ဆေးရုံတစ်ခုဖြစ်ပြီး ၂၀၂၀ ခုနှစ် (Healthcare Asia Awards) အာရှကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဆုပေးပွဲမှ မြန်မာနိုင်ငံအတွက် ပေးအပ်သည့် (၃) ခုရရှိထားပါသည်။ ၎င်းတို့မှာ တစ်နှစ်တာအကောင်းဆုံးဆေးရုံဆု (Hospital of the Year)၊ တစ်နှစ်တာ လူနာများဘေးကင်းလုံခြုံမှုအတွက် စတင်ဆောင်ရွက်ခဲ့သည့် ဆေးရုံဆု (Patient Safety Initiative of the Year) နှင့် တစ်နှစ်တာ ဝန်ဆောင်မှုနှင့် ပတ်သက်သော တီထွင်ဆန်းသစ်မှုဆု (Service Delivery Innovation Initiative of the Year) စသည့်ဆုများဖြစ်ပါသည်။

ဤဆုများသည် အာရှပစိဖိတ်ဒေသရှိ ထင်ရှားသော အကောင်းဆုံး ကျန်းမာရေး စောင့်ရှောက်မှုပေးသောကုမ္ပဏီလုပ်ငန်းများအား ဂုဏ်ပြုချီးမြှင့်သည့် ဆုဖြစ်သည်။ စိန်ခေါ်မှုများကိုကျော်လွှား၍ လူနာများနှင့် ကျန်းမာရေးနယ်ပယ်အပေါ် သိသာထင်ရှားစွာ အကျိုးသက်ရောက်စေသည့် အစပျိုးမှုများကို အသိအမှတ်ပြု ချီးမြှင့်သည့် ဆုများဖြစ်ပါသည်။ ပန်းလှိုင်ဆေးရုံသည် ခေတ်မီစက်ကိရိယာနှင့် နည်းစနစ်များ အသုံးပြုနိုင်ခြင်း၊ အချိန်ပြည့်နှင့် အချိန်ပိုင်းအထူးကုသမားတော်များ ထားရှိနိုင်ခြင်း၊ လူနာများ၏ ဘေးကင်းလုံခြုံမှုကို အလေးထား အာရုံစူးစိုက်ခြင်းနှင့် တယ်လီစနစ်သုံး ဓါတ်မှန်စနစ်များ အသုံးပြုနိုင်ခြင်းစသည့် အဆင့်မြင့် ကျန်းမာရေးဝန်ဆောင်မှုများအတွက် ဤထူးချွန်ဆုများဖြင့် ချီးကျူးဂုဏ်ပြုခြင်းခံခဲ့ရသည်။

"ဒီဂုဏ်ထူးဆောင်ဆုများကို ရရှိခဲ့ခြင်းဟာ ပန်းလှိုင်ဆေးရုံအနေနဲ့ လူနာများကို စိတ်ရောကိုယ်ပါ ကျန်းမာရွှင်လန်းစေရန် အစွမ်းကုန် လုပ်ဆောင်နေပြီး လူနာဗဟိုပြု ကျန်းမာရေး စောင့်ရှောက်မှုကိုပါ အလေးထား ဆောင်ရွက်နေခြင်းဖြစ်ကြောင်းနှင့် ဒါဟာဆေးရုံရဲ့ ပေးထားသော ကတိကဝတ်နှင့် အောင်မြင်မှုနှစ်ခုလုံးအတွက် အတည်ပြုခြင်းတစ်ခု ဖြစ်သည်” ဟု ဆေးရုံ၏ အုပ်ချုပ်ရေးအရာရှိ ဒေါက်တာသီရိအောင်မှ ပြောကြားခဲ့သည်။

## တစ်နှစ်တာအကောင်းဆုံးဆေးရုံဆု (Hospital of the Year)

ပန်းလှိုင်ဆေးရုံသည် ၎င်းတို့၏ နေ့စဉ်လုပ်ငန်းဆောင်တာများတွင် မဏ္ဍိုင်ကြီးလေးခုပါဝင်သည့် ဝန်ဆောင်မှုပုံစံကို အားပြုထည့်သွင်းခြင်းအတွက် ဤဆုကို ရရှိခြင်းဖြစ်ပါသည်။ ဆေးရုံသည် အရေးပေါ်ဝန်ဆောင်မှုကို ပိတ်ရက်မရှိ အချိန်ပြည့်ပေးနိုင်ခြင်း၊ ထိပ်တန်းအဆင့် နည်းပညာများနှင့် စက်ကိရိယာများရှိခြင်း နှင့် မတူညီသော လူမှုစီးပွားရေးနောက်ခံအမျိုးမျိုးမှ လူတန်းစားအားလုံး လက်လှမ်းမီ အသုံးပြုနိုင်စေရန် ရည်ရွယ်၍ ဈေးနှု န်းအမျိုးအစားငါးမျိုးအထိ သတ်မှတ်ကာ ကျန်းမာရေးဝန်ဆောင်မှုများ ပေးလျက်ရှိသည်။ ထို့အပြင် ပန်းလှိုင်ဆေးရုံသည် ဝန်ထမ်းများဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ၏ တစ်စိတ်တစ်ပိုင်းအနေနှင့် သူနာပြုခေါင်းဆောင်များ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ Aspiring Nursing Program အစီအစဉ်များ နှင့် အလုပ်ခွင်၌ ကျား၊မ တန်းတူညီမျှမှု အခွင့်အရေးများရရှိစေရန်လည်း ပြုလုပ်ပေးခဲ့သည်။

## တစ်နှစ်တာ လူနာများ ဘေးကင်းလုံခြုံမှုအတွက် စတင်ဆောင်ရွက်ခဲ့သည့် ဆေးရုံဆု (Patient Safety Initiative of the Year)

မြန်မာနိုင်ငံရှိ လူနာများ၏ ဘေးကင်းလုံခြုံမှုကို မြှင့်တင်နိုင်ရန် ရည်ရွယ်၍ ပန်းလှိုင်ဆေးရုံသည် ကျန်းမာရေးစောင့်ရှောက်မှု အဖွဲ့ အစည်း (၃၀) ကျော်နှင့် မြန်မာတစ်နိုင်ငံလုံးရှိ တက်ရောက်သူ (၃၀၀) ကျော်ပါဝင်ခဲ့သည့် ဆွေးနွေးပွဲပေါင်း ခြောက်ခုကို ပြုလုပ်ပေးနိုင်ခဲ့သည်။ အဆိုပါ နှီးနှောဖလှယ်ပွဲများမှတစ်ဆင့် အစိုးရနှင့် ပုဂ္ဂလိကဘက်မှ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍများတွင် လူနာဘေးကင်းလုံခြုံမှု အသိအမြင် ပိုမိုတိုးတက်လာစေရန်နှင့် ကျန်းမာရေးဆိုင်ရာ အခြေခံစံနှုန်းများကို တိုးတက်စေရန် ရည်ရွယ်ထားပါသည်။

**တစ်နှစ်တာ ဝန်ဆောင်မှုနှင့် ပတ်သက်သော တီထွင်ဆန်းသစ်မှုဆု (Services Delivery Innovation Initiative of the Year)**

ပန်းလှိုင်ဆေးရုံ၏ တစ်မူထူးခြားသောအချက်မှာ ၎င်း၏ဗဟိုဆေးရုံတစ်ခုမှ အခြားသော ဆေးရုံဆေးခန်းများသို့ သတင်းအချက်အလက်များကို နည်းပညာဖြင့် ချိတ်ဆက်ကာ နိုင်ငံအနှံ့ရှိ ပန်းလှိုင်ဆေးရုံခွဲများသို့ ကွန်ယက်ချိတ်ဆက်၍ ဓာတ်မှန်ဆိုင်ရာ သတင်းအချက်အလက်များကို အချိန်နှင့် တစ်ပြေးညီ ဖတ်ရှုနိုင်စေရန် ပေးပို့နိုင်ခြင်းပင်ဖြစ်သည်။ အခုလို ချိတ်ဆက်ထားမှုသည် ဓာတ်မှန် (Film) ပြား အသုံးပြုမှုကို (၉၀%) အထိ သိသိသာသာ လျှော့ချနိုင်ခဲ့ပြီး ဒီစံနှုန်းကို ၂ နှစ်ဆက်တိုက် ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့ပြီး Advanced Image Viewer ကိုအသုံးပြုကာ EMR (Electronic Medical Record) နှင့် RIS (Radiology Information System) တို့ကို ချိတ်ဆက်ထားတာကြောင့် Radiology အဖြေ များ၏ တိကျမှန်ကန်မှု ရာခိုင်နှုန်းသည် (၈၀ %) မှ (၉၂ %) လောက်အထိ မြင့်တက်လာခဲ့ပါသည်။ ထို့အပြင် Report ဖတ်ရန်ကြာချိန် အနေနဲ့ သာမန်လူနာများအတွက် (၄၀ %) နှင့် အရေးပေါ်လူနာများအတွက် (၉၀ %) အထိ လျှော့ချနိုင်ခဲ့ပါသည်။

ပန်းလှိုင်ဆေးရုံသည် ပုဂ္ဂလိကကျန်းမာရေးစောင့်ရှောက်မှုနယ်ပယ်တွင် အစပျိုးလုပ်ဆောင်မှုများကို မြန်မာနိုင်ငံအတွက် ပထမဆုံးလုပ်ဆောင်ခဲ့သော ဆေးရုံတစ်ရုံဖြစ်သည်။ ထို့အပြင် ပန်းလှိုင်ဆေးရုံသည် ကျန်းမာရေး စောင့်ရှောက်မှုပေးသူများနှင့် အစဉ်မပြတ်ပူးပေါင်းဆောင်ရွက်ရန် စီစဉ်ထားပြီး မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို ပိုမိုတိုးတက်ကောင်းမွန်စေရန်နှင့် လူနာများကို ဆေးကုသမှု အတွေ့အကြုံကောင်းများ ပေးနိုင်စေရန် နည်းလမ်းအသစ်များ ဖော်ထုတ်၍ လုပ်ဆောင်သွားရန် ရည်ရွယ်ထားပါသည်။

ပန်းလှိုင် ဆေးရုံသည် အမေ ရိကန်နိုင်ငံ၊ Joint Commission International (JCI) မှ ပေးအပ်ချီးမြှင့်သည့် လူနာများဘေးကင်းလုံခြုံမှုနှင့် အရည်အသွေးဆိုင်ရာ အသိအမှတ်ပြုလက်မှတ်ကို ရရှိထား၍ ပြီး ယခုထပ်မံရရှိသော Health Care Asia Awards (၃) ဆုကြောင့်လည်း ဆေးရုံ၏ အောင်မြင်မှု အထိမ်းအမှတ်ကို ပိုမိုပေါ်လွင်စေခဲ့သည်။ Health Care Asia Awards ဆုပေးပွဲ ကို 2020 ခုနှစ်၊ ဇွန်လ တွင်ကျင်းပခဲ့သည်။

ဒီနှစ် ဆုရရှိသော ဆေးရုံများကို အကဲဖြတ်ခြင်း အတွက် KPMG မှ Healthcare & Life Sciences Practice ၏ ဒါရိုက်တာ Chris Hardesty ၊ Ernst & Young မှ Life Sciences & Healthcare Lead, Partner, Abhay Bangi ၊ BDO LLP မှ Audit & Assurance, Partner, Tan Boon Kai နှင့် Deloitte မှ Life Sciences & Healthcare ဒါရိုက်တာ Mairin Reid တို့ပါဝင် အကဲဖြတ်ခဲ့ပါသည်။

***မြန်မာနိုင်ငံရှိပန်းလှိုင်ဆေးရုံအကြောင်း***

*ပထမဦးဆုံးပန်းလှိုင်ဆေးရုံကို (၂၀၀၅) ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ၎င်းကိုတည်ထောင်သူ ဦးသိမ်းဝေ@Serge Pun ၏ နာမည်ကို အစွဲပြု၍ အ မည်ပေးခဲ့ခြင်းဖြစ်ပါသည်။ FMI သည် ပန်းလှိုင်ဆေးရုံ၏ ဖက်စပ်လုပ်ငန်းနှင့် အေ အော်ပရေတာဖြစ်သူ Yoma Siloam Hospital Pun Hlaing Ltd. ၏ (၆၀%) ကို ပိုင်ဆိုင်ပြီး ကျန်ရှိသည့် (၄၀%) OUELH (စင်ကာပူ) မှ ပိုင်ဆိုင်ပါသည်။* [www.punhlainghospitals.com.mm](http://www.punhlainghospitals.com.mm)

***Health Care Asia Awards အကြောင်း***

ဤအစီအစဉ်သည် ဒေသတွင်းရှိ ဆေးရုံများနှင့် ဆေးခန်းများမှများကို ကျန်းမာရေးစောင့်ရှောက်မှု နယ်ပယ်၏ စိန်ခေါ်မှုများကို ကျော်လွှား၍ ကျန်းမာရေးစောင့်ရှောက်မှု အခန်းကဏ္ဍအတွက် အကျိုးရှိစေသော အစပျိုးဆောင်ရွက်မှုများကို အသိအမှတ်ပြု ချီးမြှင့်ရန် ရည်ရွယ်သည်။ ပိုမိုသိရှိလိုပါက ဆက်သွယ်ရန် - Julie Anne Nunez +65 3158 1386 ext: 221 julie@charltonmediamail.com

**Media Contact**

Ms. Khin Hnin Phyu Phyu Phway Mob: +95 9 401 540 103 Email: khinhninppp@phsh.com.mm